ဥဒယကျော်ရွှာစာပေ



# လင်မျှော်တိမ်

## နေဝင်းမြင့်

# EDUCATED YOUTH

YE XIN

# အမှာ စာ

## (၁)

ယဉ်ကျေးမှုတော်လှန်ရေးကာလအတွင်း မော်စီတုန်းရဲ့ ညွှန်ကြားချက်အရ တရုတ်ပြည် အထက်တန်းကျောင်းဘွဲ့ရ လူငယ်မောင်မယ် (၁၄) သန်းကျော်လောက်ဟာ နေရင်းမြို့ပြတွေဆီက ကျေးလက်တောရွာအသီးသီးကို စေလွှတ်ခြင်းခံကြရတယ်။ ရည်ရွယ်ချက်က ကျေးလက်တောင်သူလယ်သမားတွေဆီက ပြန်လည်သင်ယူခြင်း (re-education) လုပ်ကြဖို့ လို့ ဆိုတယ်။ ဘေဂျင်း၊ ရှန်ဟိုင်း၊ ချင်းတု၊ ချုံကင်း စတဲ့ မြို့ကြီးတွေဆီက အထက်တန်းဘွဲ့ရ ကျောင်းသူကျောင်းသားတွေအားလုံး (အိမ်ထောင်စုတစ်စု တစ်ယောက် မဖြစ်မနေ) 'တောင်တန်းတွေပေါ် တက်ကြ၊ ကျေးလက်တွေကို ဆင်းကြ'ဆိုတဲ့ ဆောင်ပုဒ်နဲ့ ရောက်ကြရသူတွေပါ။ ကျေးလက်မှာ ပဲ သတ်မှတ်ခွဲဝေပေးထားတဲ့ အလုပ်တွေ လုပ်ကြရတယ်။ ကျေးလက်မှာ ပဲ ဝါးအိမ် ဝါးတဲကလေးတွေနဲ့ တစ်ဦးချင်း ဒါမှ မဟုတ် ပညာတတ်လူငယ်အချင်းချင်း စုဖွဲ့ပြီးနေကြရတယ်။ လူငယ်သဘာဝ သမုဒယမီး ညီးညီးလောင်လောင် ရှိကြတဲ့ အရွယ်တွေဆိုတော့ ပညာတတ်လူငယ်အချင်းချင်းဖြစ်စေ၊ ဒါမှ မဟုတ် ရွာခံတောသူတောင်သားတွေနဲ့ ဖြစ်စေ နှယ်မိကြ ချစ်မိကြရာက တစ်အိုးတစ်အိမ် ဖြစ်ကြရတယ်။ သားသမီးတွေလည်း ပွားစီးကြပေါ့။

အဲသလို မြို့ပြကနေ ကျေးလက်ကို လှိမ့်ဆင်းလာကြတဲ့ လူငယ်တွေကို တရုတ်ဘာသာနဲ့ 'ကျိချို' (Zhiqing) ခေါ်ကြတယ်။ တိုက်ရိုက်ပြန်ရင် 'ပညာတတ်လူငယ်' (educated youth) ပေါ့။ သည် လိုနဲ့ ၁၉၇၀-ခုနှစ်နောက်ပိုင်း ရောက်လာတဲ့ အခါ ပေါ်လစီပြောင်းသွားတယ်။ ကျေးလက်တွေမှာ နှစ်နဲ့ ချီပြီး ရောက်နေကြတဲ့ ပညာတတ်လူငယ်တွေကို ရောက်ဆဲကျေးလက်များ ဆီက နေရင်းမြို့ပြအသီးသီးကို ပြန်ခွင့်ပြုလိုက်ပြီဆိုတဲ့ ညွှန်ကြားချက် ရောက်လာခဲ့ရာကစပြီး ငြိမ်သက်နေတဲ့ မိသားစုဘဝတွေ စ,လှုပ်လာတော့တာပါပဲ။ ပညာတတ်လူငယ်တွေကို မြို့ပြန်ခွင့် ပြုတယ်ဆိုပေမယ့် ကန့်သတ်ချက် နှစ်ချက်တော့ ရှိတယ်။ တစ်ချက်က ကျေးလက်မှာ တစ်အိုးတစ်အိမ် ထူထောင်ထားကြတဲ့ (အိမ်ထောင်ပြုထားကြတဲ့ ) ပညာတတ်လူငယ်မိန်းကလေး ယောကျ်ားလေးတွေကို ပြန်ခွင့်မပြုဘူးဆိုတာနဲ့ ကျေးလက်မှာ ပဲ အလုပ်တာဝန် ခန့်ထားခြင်းခံရလို့ လုပ်ခလစာ ခစားရယူနေသူတွေ ပြန်ခွင့်မရှိဆိုတဲ့ ကန့်သတ်ချက်တွေပါ။

ဘာပဲဖြစ်ဖြစ် ကျေးလက်တွေမှာ မိုးမိုးမှောင်မှောင် ချို့ချို့ငဲ့ငဲ့ နေခဲ့ကြတဲ့ မြို့သားမြို့သူ ပညာတတ်လူငယ်တွေအားလုံးလိုလိုရဲ့ ဘုံခံစားမှုဟာ သည် အချိန်မှာ တော့ တစ်မျိုးတည်းပါပဲ။

အဲဒါကတော့ ကျေးလက်က ဖြစ်တဲ့ နည်းနဲ့ စွန့်ခွာရေးပါ။ ကျေးလက်တောရွာတွေမှာ ဘဝကုန်ကြရမယ့် အခြေအနေက သူတို့ နေထိုင်ကြီးပြင်းခဲ့ရာ မြို့ပြအသီးသီးကို ပြန်ကြရမယ်ဆိုတော့ ဘယ်လိုကန့်သတ်ချက်တွေပဲရှိရှိ မြို့ပြကို ပြန်ရရေးကို နည်းလမ်းရှာကြတယ်။ သည် ကိစ္စဟာ သူတို့ မျှော်လင့်မထားခဲ့ကြတဲ့ မဟာအခွင့်အရေးကြီး မိုးပေါ်က ကျလာတာပဲ။ သည် လိုအချိန်မှ မပြန်ရင် အမိုက်နင့်ပြင် ရှိရော့လားဆိုတဲ့ စိတ်တွေ ဝင်လာကြတယ်။ တရားတာ မတရားသာ၊ နှလုံးသားမဲ့တာ မဲ့

တာ၊ ရက်စက်တာ မရက်စက်တာ၊ စာနာတာ မစာနာတာတွေ ထည့်မစဉ်းစားကြတော့ဘဲ လက်ထပ်ယူထားကြတဲ့ အိမ်ထောင်ဖက်တွေကို ကွာရှင်းဖို့ စွန့်ပယ်ဖို့ စဉ်းစားလာကြတယ်။ လုံးပန်းလာကြတယ်။ ပညာတတ်လူငယ် (Zhiqing) အချင်းချင်း ယူထားကြသူတွေကတော့ နှစ်ဦးသဘောတူညီချက်နဲ့ အယောင်ဆောင်ကွာရှင်း (အတုကွာရှင်း)တာတွေ လုပ်လာကြတယ်။ အရေးကြီးတာက ကွာရှင်းစာချုပ် လက်ဝယ်ရှိရေးပဲ။ သည် စာချုပ်ပါမှ ပြန်ခွင့်ရှိမှာ ကိုး။ ရွာခံတောသား ဒါမှ မဟုတ် တောသူတွေကို လက်ထပ်ထားကြသူတွေလည်း ပေါင်းလက်စ ကိုယ့်အိမ်ထောင်ဖက်တွေကို ကွာရှင်းပေးဖို့ တောင်းဆိုလာကြတယ်။ ဇွတ်အတင်း ကွာရှင်းခွင့် တောင်းကြတာပါ။ သားသမီးတွေ ရှိထားကြပြီဆိုပေမယ့် တစ်ကိုယ်ရေတစ်ကာယ လူလွတ်ဘဝနဲ့ မြို့ပြကို ပြန်ချင်ကြသူတွေချည်းဆိုတော့ သားသမီးတွေကိုလည်း ကျေးလက်မှာ ထားခဲ့ကြတာပါပဲ။

ပညာတတ်လူငယ်ချင်း အိမ်ထောင်ပြုထားကြလို့ အတုအယောင်ကွာရှင်း (Fake Divroce) ကြတာထားတော့၊ မွေးထားတဲ့ သားသမီးတွေကိုတောင် တောမှ ပဲ မွေးစားမယ့်သူရှာပြီး ပေးခဲ့ကြတာတွေ၊ တချို့များ ငွေကြေးနည်းနည်းပါးပါးနဲ့ ရောင်းခဲ့ကြတာတွေအထိ ဖြစ်လာကြတယ်။ သူတို့ ချင်းလည်း မြို့ရောက်လို့ အတူပေါင်းချင်လည်း ပေါင်း၊ မပေါင်းချင်ရင်လည်း တစ်ယောက်တစ်နေရာဆိုသလို ညောင်ညိုပင်စခန်းက လမ်းခွဲကြဖို့ သဘောတူကြပြီးသား။

သည် လိုနည်းနဲ့ ကျေးလက်တောရွာတွေကို ရောက်လာကြတဲ့ အရွယ်ကောင်း ပညာတတ် လူငယ်အမျိုးသား အမျိုးသမီးတွေအားလုံး ဒီလိုင်းတွေ ပင်လယ်ဘက် ပြန်ဆုတ်သလို အလုံးအရင်းနဲ့ မြို့အသီးသီးကို ပြန်လိုက်ကြတာ ကျေးလက်တွေမှာ အူနဲ့ ဟောင်းလောင်း ကျန်ရစ်ခဲ့တဲ့

အထိပဲ။

(၂)

ကျေးလက်တောရွာတွေမှာ သားသမီးတစ်ယောက်စီနဲ့ ကျန်ရစ်ခဲ့ကြရရှာတဲ့ ရွာခံအိမ်ထောင်ဖက်တွေခမျာတော့ လင်ပစ် မယားပစ် လောကဓံကို ခါးစည်းခံကြရင်း ဘဝကို တည်တည်ငြိမ်ငြိမ်နဲ့ ဆက်ပြီး တည်ဆောက်ကြတာပါပဲ။ ထားရစ်တော့လည်း နေခဲ့ကြရုံပေါ့ဆိုတဲ့ စိတ်နဲ့ နေခဲ့ကြသူတွေချည်းပါ။ ရက်စက်သော တိတ်ဆိတ်ခြင်းနဲ့ ကျန်ခဲ့ကြသူတွေချည်းပါ။ နှစ်ပါးမျှလို့ ရခဲ့တဲ့ စွန့်ပစ်ခံသားသမီးတွေခမျာတော့ ကျေးတောမှာ ပဲ အလိုက်ဘာသာ နေထိုင်ကြီးပြင်းကြရတယ်။

မြို့ပြကို ရောက်သွားကြတဲ့ တောပြန်ပညာတတ် လူငယ်တွေကတော့ လွတ်လပ်တဲ့ ဘဝကို ခံမင်ကြသူတွေပီပီ အတိတ်ဘဝက ခါးသီးမှုတွေရော ချိုမြိန်မှုတွေပါ နှလုံးသားထဲက ထုတ်ပယ်ပစ်လိုက်ကြတယ်။ ဘဝအသစ်မှာ အိမ်ထောင်မှုအသစ် ထူထောင်ကြရင်း ကိုယ်စီ ရှေ့ခရီး ဆက်ကြပြီ။ အဆင်ပြေသူတွေလည်း ရှိ၊ မပြေသူလည်း ရှိပေါ့။ မြို့ပြမှာပဲ နောက်အိမ်ထောင်နဲ့ သားသမီးတွေရခဲ့ကြတယ်။

ဒါပေမဲ့ နောက်ဆယ်နှစ်လောက် ကြာတဲ့ အခါ သူတို့ ကိုယ်တိုင် ကျေးလက်မှာ စွန့်ပစ်ထားခဲ့ကြတဲ့ သားသမီးတွေက အရွယ်အားဖြင့် ဆယ်ကျော်သက်တွေ ဖြစ်လာကြပြီ။ တစ်ခါက သူတို့ ရဲ့ မိရင်းဖရင်းတွေဟာ မြို့ပြမှာ ကောင်းစားနေကြသတဲ့ ဆိုတဲ့ စကားတွေလည်း တစ်ဆင့်စကား ကြားခဲ့ကြပြီ။ တစ်ဆက်တည်း မြို့ပြရောက် မိရင်းဖရင်းတွေကို တွေ့ချင်ကြ, ရှာချင်ကြပြီ။

သည် ဝတ္ထုမှာ တော့ တရုတ်ပြည်အရှေ့ပိုင်းကျတဲ့ ရှန်ဟိုင်းမြို့ကြီး က အနောက်တောင်ပိုင်း ယူနန်ပြည်နယ် ဆစ်ဆောင်ပန်းနားကျေးလ က်ကို စေလွှတ်ခြင်းခံကြရတဲ့ ပညာတတ်လူငယ်တွေကို ဇာတ်အိမ်တည် ထားပါတယ်။ ရှန်ဟိုင်းနဲ့ ဆစ်ဆောင်ပန်းနားဟာ မိုင်ပေါင်းထောင်ချီ ဝေးတယ်။ ဘယ်လောက်ပဲ ဝေးဝေး မိရင်းဖရင်းတွေနဲ့ တွေ့ချင်ကြလို့ စွ န့်စွန့်စားစား ခရီးထွက်လာကြတဲ့ လူငယ်ငါးယောက်ဟာ တစ်နေ့တော့ ရှန်ဟိုင်းမြို့ကို မီးရထားနဲ့ ရောက်လာခဲ့ကြတယ်။

ရွာမှာ တုန်းက ကြည့်ခဲ့ရတဲ့ ရုပ်ရှင်ဇာတ်ကားတွေထဲမှာ ရှန်ဟိုင်းမြို့ကြီးရဲ့ ကြီးကျယ်ခမ်းနားပုံတွေ၊ နတ်ဘုံနတ်နန်းတွေလို မြင့် မားခေါင်ခေါင် မီးရောင်ရှိန်ရှိန် တိုက်တာအိမ်ခြေတွေ၊ ကြိတ်ကြိတ်တိုး စည်ကားလှတဲ့ လမ်းမကြီးတွေ၊ လိုချင်သမျှ အကုန်ရနိုင်တဲ့ ဈေးဆိုင်ကြီးတွေကို မြင်ကြရတော့ မြို့ပြမှာ ရှိနေကြတဲ့ သူတို့ မိဘတွေ လည်း သည် လိုပဲ ရှိကြရော့မယ်လို့ ထင်ခဲ့ကြတယ်။ သူတို့ လာခဲ့ကြတဲ့ ခရီး စိတ်ကူးထဲမှာ သည် တစ်ချက်လည်း ပါပါတယ်။ စီးဖန်၊ ရှောက်ဖျင် ၊ ယုန်ဟွီ၊ ထျင်းတှာ ဆိုတဲ့ ယောက်ျားကလေး လေးယောက်နဲ့ ရှင်မေးရှာ ဆိုတဲ့ မိန်းကလေးတစ်ယောက်ပါတဲ့ သည် အုပ်စုဟာ သူတို့ အိပ်မက် မ က်ခဲ့ကြတဲ့ ရှန်ဟိုင်းမြို့ကြီးကို တကယ်တမ်း ရောက်လာကြတဲ့ အခါ...။

ကျန်တာကတော့ နဂိုကတည်းက အထွေးထွေးအရှုပ်ရှုပ်သော ဖြစ်တည်မှုအားဖြင့် ရေဆူမှတ်ရောက်နေတဲ့ မြို့ပြဘဝနဲ့ သပွတ်အူလိုက်နေရတဲ့ မြို့ပြနေ လူတွေရဲ့ ကြားက ဘဝအမောတွေပါပဲ။ သည် ဝတ္ထုမှာ သည် လူငယ်ငါးယောက် ရှန်ဟိုင်းကို ရောက်လာကြပြီး ရှန်ဟိုင်းကပဲ ခွာကြရတာနဲ့ ဆုံးထားလေရဲ့ ။ စာရေးဆရာက နောက်ဆုံးပိုင်းကို နိဂုံးလို့ ပြောချင်ပုံမရဘူး။ 'ဇာတ်သိမ်းပိုင်းမဟုတ်'လို့ ထပ်ဖြည့်ထားတာ သတိထားမိတယ်။ ဟုတ်လည်း ဟုတ်ပါရဲ့ ။ သည် လိုအဖြစ်တွေဟာ ပြည်ဖုံးကားချဖို့ ခက်ပေသားပဲ။

သည် ဝတ္ထုကိုရေးတဲ့ ယဲ့ရှင် (Ye Xin) ဟာ တရုတ်နိုင်ငံမှာ လူသိများတဲ့ စာရေးဆရာပါ။ သူကိုယ်တိုင်လည်း အသက်နှစ်ဆယ်အရွယ် အညွန့်တလန်းလန်း ရှိရမယ့်အရွယ်က ပညာတတ်လူငယ်အဖြစ်နဲ့ ဟူနန်ကျေးကျိုး မီးရထားလမ်း ဖောက်လုပ်ရေးကို စေလွှတ်ခြင်းခံခဲ့ရသူပါ။ အဲသည် ခေတ်ကာလက ပညာတတ်လူငယ်တွေရဲ့ ဘဝကို ကိုယ်တိုင်ဖြတ်သန်းခဲ့ရသူဆိုတော့ သူ့ဘဝ သူ့အတွေ့အကြုံတွေနဲ့ ပဲ ရောမွှေပြီး အခင်းအကျင်းကောင်းကောင်း ခြယ်မှုန်းထားတယ်။

ကျေးလက်ဇာတ်အိမ်ကို 'ဆစ်ဆောင်ပန်းနား'မှာ တည်တဲ့ အတွက် အဲသည် အရပ်မှာ နေထိုင်ကြတဲ့ ဒိုင်လူမျိုးစုတွေရဲ့ စရိုက်သဘာဝတွေ၊ ထုံးဓလေ့တွေပါ ဝတ္ထုထဲမှာ ထည့်ရေးတယ်။ ဆစ်ဆောင်ပန်းနားဆိုတာ အခု ကျဲ့လိ (Cheli) တွေ စုစည်းနေထိုင်ရာ နယ်ဆယ့်နှစ်နယ် ဖြစ်ခဲ့ဖူးလို့ ၊ လူးတစ်ဆယ့်နှစ်ပနား၊ နယ်လို့ ခေါ်ခဲ့ကြတဲ့ အရပ်ပါ။ ဒါကြောင့် တိုင် (Tai) က ဒိုင် (Dai) ဖြစ်လာတယ်လို့ ဆိုတယ်။ ဒိုင်လူမျိုးတွေဟာ ဘာသာတရားကိုင်းရှိုင်းကြတယ်။ ရာသီပွဲတော်တွေ ရှိတယ်။ မိုးသစ်

တောကြီးတွေနဲ့ ပန်းမျိုးစုံပွင့်တဲ့ သဘာဝရေမြေရှိတယ်။ မြစ်ချောင်းအင်းအိုင်တွေ ရှိတယ် ဆိုတဲ့ အချက်တွေကြောင့် သူတို့ ဘဝကိုသူတို့ သိပ်ခုံမင်ကြတယ်။ အထူးသဖြင့် ဒိုင်လူမျိုးစု မိန်းမသားတွေဟာ သိပ်ကို ချောမောလှပကြသူတွေပါ။

(၅)

သည် စာအုပ်ရဲ့ မူရင်းနာမည်က ပညာတတ်လူငယ် (Educated Youth) ပါ။ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ 'ကီနိုကူနီယာ'စာအုပ်ဆိုင်ကို စာအုပ်ဝယ်ထွက်ကြရင်း သားသမီးလိုချစ်ရတဲ့ ကိုဇာနည်လွင်ဦးနဲ့ ယိင်းတို့ က လက်ဆောင်ပေးတဲ့ စာအုပ်ပါ။ သည် အတွက် ကျေးဇူးတင်ရပါတယ်။

စာအုပ်ကိုဖတ်မိတော့ တွေးစရာရှိလာတယ်။ စနစ်တစ်ခုရဲ့ သက်ရောက်မှုဟာ နောက်မျိုးဆက်တွေအတွက် ရိုက်ခတ်မှုရှိပါလားလို့လည်း ဆင်ခြင်မိတယ်။ အကြောင်းမူလကြောင့် ဖြစ်ရတဲ့ အကျိုးဆက်တွေပဲလေ၊ ဘယ်တတ်နိုင်ပါ့မလဲလို့ ဆိုချင်ရင်လည်း ကျွန်တော် မငြင်းပါဘူး။ သည် ဝတ္ထုကို ဖတ်ပြီးတဲ့ အခါ ခံစားမှုတစ်စုံတစ်ရာ ရနိုင်ကောင်းပေရဲ့ လို့ တော့ မျှော်လင့်မိတယ်။

နေဝင်းမြင့်

၁၅ နိုဝင်ဘာ၊ ၂၀၁၇

မန္တလေးမြို့။

******